# ပန်းပဲတန်းကျေးရွာ

# ကြို့ပင်ကောက်မြို့နယ်




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း(၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းပဲတန်းကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလ

## မာတိကာ

မာတိကာ

မာတိကာ

၁။ **စကားချီး**

၂။ **ပန်းပဲတန်းကျေးရွာသယံဇာတပြမြေပုံ၊ ကြို့ပင်ကောက်မြို့နယ်**

၃။ **နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၄။ **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၅။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာ ဆက်နွယ်မှု

၆။ **ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၇။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၈။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

၁၀။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၁၁။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

၁၂။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်၍ နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၃။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြု ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်

**၁။ စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ခု(၆-လ) ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖေဖော်ဝါရီလ၊၂၀၂၂ ခုနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပန်းပဲတန်းကျေးရွာ၊ကြို့ပင်ကောက်မြို့နယ်

## ၂။ ပန်းပဲတန်းကျေးရွာ သယံဇာတပြမြေပုံ၊ ကြို့ပင်ကောက်မြို့နယ်



# ရာသီခွင်ပြ ပြက္ခဒိန်

တက်ရောက်ရန် - အမျိုးသမီး အုပ်စု

ကြာချိန် - (၁) နာရီ

ရည်ရွယ်ချက် - ရာသီအလိုက် ဖြစ်ပေါ်နေသော အလုပ်အကိုင်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ ချေးငွေ ရရှိမှု၊ ဝမ်းစာဖူလုံမှု၊ သောက်သုံးရေ ရရှိမှု၊ တိရစ္ဆာန်အစာ ရရှိမှု၊ တိရစ္ဆာန်ရောဂါ ကျရောက်မှု၊ ကျန်းမာရေး အခြေအနေ၊ သီးနှံပိုးမွှားရောဂါ ကျရောက်မှု၊ အားလပ်ရက်များ၊ သဘာဝ ဘေးအန္တရာယ် စသည့် ကျေးရွာနှင့် သက်ဆိုင်သော အခြေအနေများကို လေ့လာရန်။

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | |
| လက်လုပ်လက်စား မိသားစုများ ဝင်ငွေ ရရှိမှု (မရှိ/နည်း/များ) | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | | | | | | |
| ချေးငွေ လိုအပ်မှု | သင့် | သင့် | ရှိ | ရှိ | ရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | ရှိ |
| ဝမ်းစာ ဖူလုံမှု | ရှိ | ရှိ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | ရှိ |
| သောက်သုံးရေ ရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာ ရရှိမှု | သင့် | သင့် | သင့် | သင့် | သင့် | များ | များ | များ | သင့် | သင့် | သင့် | သင့် |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ကျန်းမာရေး အခြေအနေ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | ညံ့ | ညံ့ | ကောင်း | ကောင်း | သင့် | သင့် |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ |
| ပွဲတော် | | | | | | | | | | | | |
| သဘာဝ ဘေးအန္တရာယ် | မရှိ | မရှိ | ရှိ | ရှိ | ရှိ | မရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဘယ်လမှာ ဘာတွေ ဖြစ်နေလဲ။

ဘာကြောင့် ဖြစ်ရတာလဲ။

ပြန်းပြဲတန်း-----ကျေးရွာ၊ ရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံ Venn Deagram

**ရွာတွင်းအဖွဲ့အစည်း**

၁-ရပ်မိရပ်ဖအဖွဲ့

၂-ဘုရားဂေါပကအဖွဲ့

၃-ဘုန်းကြီးကျောင်းဂေါပကအဖွဲ့

၄-အမျိုးသမီးရေးရာအဖွဲ့

၅-တောင်သူလယ်သမားအဖွဲ့

၆-လမ်းခင်းရေးအဖွဲ့

၇-လူငယ်အဖွဲ့

**ရွာပြင်အဖွဲ့အစည်း**

၁-နာရေးကူညီမှုအသင်း

၂-လူငယ်ပရဟိတအဖွဲ့

၃-မေတ္တာကျေးလက်ဖောင်ဒေးရှင်း

၄-လျှပ်စစ်မီးလင်းရေးအဖွဲ့

၅-ကျေးရွာအုပ်ချုပ်ရေးအဖွဲ့

၆-ထိုက်ဘက်ချေးငွေအဖွဲ့



## အပိုင်း(က)    ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံ အတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်  အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၄။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပန်းပဲတန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်ကောက်မြို့၏ **အနောက်**ဘက် ရန်ကုန်-**ပြည်**ကားလမ်းမှ (၅)မိုင်အကွာ **ကြို့ပင်ကောက်-ဇီးကုန်း လမ်းကောက်လမ်းဘေး**တွင် တည်ရှိသည်။ ကျေးရွာသည် **လယ်ယာလုပ်ငန်းကိုသာ** အမှီပြု၍ စက်ဘီး၊ မော်တော်ဆိုင်ကယ်များဖြင့် ဈေးသွားရပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

နှစ်စဉ်မိုးရေးချိန် (၈၀)လက်မခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ကုက္ကိုလ်၊ သရက်၊ မာလကာ စသည့် အပင်မျိုးစုံပေါက်ရောက်သည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ်ယာ(၁၈၆)ဧက၊ နှစ်ရှည်သီးနှံပင် သရက်၊ ငှက်ပျော၊ မာလကာ စိုက်ပျိုးနိုင်သော မြေ(၁)ဧကခန့် ရှိပါသည်။

## ၅။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်သော သာရေး၊နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသား/သမီးလူငယ် အဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေး၊ ကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိ၍ ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါး စိုက်ပျိုးနိုင်ကြသည်။ အဓိက စိုက်ပျိုးသီးနှံမှာ မိုးစပါးဖြစ်သည်။ ကျေးရွာတွင် မိုးစပါးစိုက်ဧက (၁၈၆)ဧက ဖြစ်သည်။ ကျေးရွာမြေ အမျိုးအစားမှာ မြို့နယ်တွင် အသင့်အတင့်မျှသာဖြစ်သည်။ အခြားရာသီချိန်များတွင် ပေါ်ပင်ကျပန်း အလုပ်များကို လုပ်ကိုင်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူများသော်လည်း သီးနှံဈေးနှုန်းမကောင်းခြင်း၊ စိုက်ပျိုး စရိတ်၊ လုပ်သားအင်အားရှားပါးခြင်းကြောင့် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများ ရှိလာ ကြသည်။ အချို့သော ဆင်းရဲသည့် အိမ်ထောင်စုမှာ ကြိုတင်ချေးယူ၍ စားနေရကြောင်း တွေ့ရှိရ ပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၀)စုရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာသူ/သားများ အများအားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိ သလောက်နည်းပါးသည်။ ကျေးရွာအတွင်း၌ ကျန်းမာရေးလုပ်သားများ မရှိသောကြောင့် လိုအပ်ပါက နီးစပ်ရာဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသကြသည်။ ကလေးလူငယ် များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ် ဆောင်ရွက်ပေးပါသည်။

**(င) ပညာရေး နှင့် ကျွမ်းကျင်မှု**

ကျေးရွာသူ/သားအများစုသည် အခြေခံအရေး၊အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အနည်းငယ်မျှသာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင်တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော်အသက်မွေးဝမ်းကြောင်းကျွမ်း ကျင်မှုများမှာ အကန့်အသတ်များ ရှိနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့် အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

**(စ) ကျား/မဆိုင်ရာ ဆက်နွှယ်မှု**

ကျား/မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်ခြင်း၊ စပါးရိတ်ခြင်း၊

အမျိုးသားများသည် လယ်ထွန်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်ကြသည်။ ဘာသာရေး အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုစသည်တို့တွင် အမျိုးသား/သမီးများ အတူတကွ ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများက အမျိုးသမီးထက် လုပ်အားခပိုရသည်။

## ၆။ ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုအဖွဲ့အစည်း (၇)ဖွဲ့ ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်ဖွဲ့စည်းမှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သတ်၍ အားနည်းကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍာ

အဓိကသီးနှံအဖြစ် စပါးကို စိုက်ပျိုးကြပါသည်။ စပါးမှာ ဆင်းသုခ၊ ငွေတိုး၊ ရတနာတိုး၊ မနောသုခတို့ကို မိုးစပါးအဖြစ်စိုက်ပျိုးကြပြီး စပါးအထွက်မှာ တစ်ဧကလျှင်ပျမ်းမျှ တင်း(၇၀)ဝန်းကျင်ထွက်ရှိပါသည်။ မိုးစပါးအပြီး ကျန်ရှိသော မြေအစိုဓာတ်ကို အသုံးပြု၍ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၀)တင်းသာ ထွက်ရှိပါသည်။

အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကို ကြဲပက်စိုက်ပျိုးခြင်းကိုသာ အများစု လုပ်ကိုင်ကြပြီး ပေါင်းသတ်ဆေးကိုစနစ်တကျသုံးစွဲလေ့ မရှိကြပါ။ ကြဲပက်စိုက်ပျိုးခြင်းသည် ပျိုးစိုက်ခြင်းထက်အထွက် လျော့နည်းသော်လည်း ပျိုးနှုတ်၊ပျိုးစိုက်စရိတ်များကို လျော့ချနိုင်ခြင်း၊ အလုပ်သမားမလုံလောက်မှုကို ကျော်လွှားနိုင်ခြင်းတို့ကြောင့် ကြဲပက်စိုက်ပျိုးခြင်း မြင့်တက်လာနေပါသည်။

ကျေးရွာတွင် ကျွဲ၊ ဝက်၊ ကြက် တို့ကို အဓိကထား၍ တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ တောင်သူအများစုမှ ကျွဲများမွေးမြူကြပြီး ဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၁၀%) ဝန်းကျင်ရှိပြီး ဒေသမ့ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၄၅%) ရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများမှာ ခွာနာလျှာနာ၊ လည်ချောင်းကွဲ၊ ကြက်လည်လိမ်၊ ကြက်အိပ်တန်းကျ တို့ဖြစ်သည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ကျေးရွာတွင် သံပန်း/သံဂဟေလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် တစ်နိုင်တစ်ပိုင်ဈေးဆိုင်ငယ်များဖြင့် လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

ကျေးရွာတွင်ရာသီဥတုမမှန်ကန်ခြင်း၊ ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများစနစ်မကျခြင်းများကြောင့် မြေဆီသြဇာခမ်းခြောက်မှုများရှိလာပါသည်။ စိုက်ခင်းများ၌ ဖျက်ပိုးနှင့်ရောဂါများကျရောက်ခြင်း ထိန်းချုပ်မှုအားနည်းပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံ၊ပုလင်ခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေး ငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၂၀၀,၀၀၀)ကျပ်နှုန်းဖြင့်ငွေ

ထုတ်ချေးပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ လယ်သမားများ သာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် လိုအပ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပန်းပဲတန်းကျေးရွာသည် မူလတန်းပညာရေးကို ကျေးရွာအတွင်း၌လည်းကောင်း၊ အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေးကို အများအားဖြင့် အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ တက္ကသိုလ်ပညာရေးကို ပြည်တက္ကသိုလ်တွင်လည်းကောင်း၊ အင်ဂျင်နီယာပညာရေးများ၊ သူနာပြုနှင့်ဆရာအတတ်သင်ကောလိပ်စသည်တို့ကို ပြည်မြို့ရှိ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာသူ/သားအများစုတွင် အတန်းပညာသို့မဟုတ်ဘုန်းကြီးကျောင်းတွင် စာပေသင်ကြားဖူးသူကများပြီး အသက်(၆၀)အထက် သက်ကြီးများသည်ပင် မူလတန်းပညာရေးကို အနည်းဆုံး (၄)တန်း အထိ သင်ကြားဖူးသူက များပါသည်။ လူလတ်နှင့် လူငယ်ပိုင်းများတွင်မူ အမျိုးသား/သမီး အတန်းပညာပြီးစီးမှုများစွာ ကွာခြားမှုမရှိပါ။ မူလတန်းကျောင်းသည် ရွာထိပ်တွင် ရှိပါသည်။ လက်ရှိတွင် တစ်ဆောင် ရှိပါသည်။ အစိုးရခန့် ဆရာမ (၄)ဦး၊ ကျေးရွာခန့် ဆရာမ (၁)ဦး ရှိသောကြောင့် ဆရာ-တပည့် အချိုးမှာ ၄၀ ဖြစ်သဖြင့် အချိုးမျှတပါသည်။

ကျေးရွာမှ (၄)မိုင်ခန့်ကွာဝေးသော ပျဉ်ပုံကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်ပြီး ကျန်းမာရေးဝန်ဆောင်မှု ရယူနိုင်ပါသည်။ အနရောဂါကျရောက်မှုအနေဖြင့် ဖျားနာတုတ်ကွေး၊သွေးတိုးနှင့်ဆီးချိုရောဂါများကို အတွေ့ရများပြီး တီဘီနှင့်အသည်းရောင်အသားဝါ ရောဂါရှိသော လူနာရှိပြီး ကြို့ပင်ကောက်မြို့နယ်ဆေးရုံမှ ဆေးဝါးရယူသုံးစွဲကြပါသည်။ ရာသီကူးပြောင်းတွင် ဆေးရုံတက်၍ ကုသခံယူရသည်အထိ ဖြစ်ပွားမှုများကြောင့် ကုန်ကျစရိတ်များခြင်းက ကနဦးကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်ပါက ထိုသို့ ကုန်ကျခြင်းများ များစွာလျော့ကျစေနိုင်မည်ဖြစ်သည့်အပြင် ရွာသူ/သားများ၏ ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာနိုင်သဖြင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခုကို လျှောက်ထားကာ ဆေးပေးခန်းအဆောက်အဦးတစ်ခု၊ ကျန်းမာရေး ဆရာ/မ သို့မဟုတ် ဆရာဝန်တစ်ဦးစသည်ဖြင့် ရရှိမည်ဆိုလျှင် ဖြေရှင်းနိုင်စွမ်းနည်းပါးသောမိသားစုများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ကျေးရွာအိမ်အများစုတွင် ရေတွင်းများရှိကြပြီး ရေနွေးသောက်သည့် အလေ့အထနှင့် အိမ်သာအများစုမှာလည်း ယင်လုံအိမ်သာများ ဖြစ်ကြသောကြောင့် ရေနှင့်ဆက်နွယ်သော ရောဂါဖြစ်ပွားမှုနည်းပါးလှပါသည်။ ကျေးရွာလမ်းများ သန့်ရှင်းရေးကို လူငယ်များက အပိုင်းလိုက် တာဝန်ယူလုပ်ဆောင်ကြပါသည်။

**(ဆ) လူငယ် နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ ကျေးရွာတွင် စာကြည့်တိုက်မရှိဘဲ ရွာသူ/သားများလည်း မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ကြိုးစားမှုများဖြင့် အချိန်ပိုကုန်ကြပြီး စာဖတ်သည့်အလေ့အကျင့် အားနည်းသည်။ ကောက်စိုက်နှင့် လယ်ယာလုပ်ငန်းအားလပ်ချိန်များတွင် ရွာအနီးအနားလူငယ်အချင်းချင်း ရွာအလိုက်အချိန်းအချက်ပြုကာ ဘောလုံးကန်လေ့ရှိသောကြောင့် ကျေးရွာပိုင်ဘောလုံးကွင်းတစ်ခုကို ရွာ၏ဒုတိယဦးစားပေးအဆင့်အနေနဲ့ လိုအပ်နေပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

ကျေးရွာဘုန်းတော်ကြီးကျောင်းအတွက် လိုအပ်သောဝေယျာဝိစ္စလုပ်အားပေးခြင်းများကိုပါဝင် လုပ်ဆောင်ကြပါသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာရေးအလိုက်သာ ယဉ်ကျေးမှု ပွဲတော်များတွင် ပါဝင်ကြပြီး စာပေယဉ်ကျေးမှုတိုးတက်ရေး သီးသန့်လုပ်ဆောင်မှုများ မရှိပါ။

မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် အင်တာနက်များ ရယူသုံးစွဲနိုင်သည့် နောက်ပိုင်းတွင် လူငယ် အများစုအင်တာနက်သုံးစွဲမှု များပြားလာပြီး သူငယ်ချင်းအချင်းချင်း အချိန်ပေးမှုနည်းပါးလာကာ လူငယ်အများစုမှာ လူမှုဝက်ဘ်ဆိုက်များနှင့် အားကစားသတင်း ကြည့်ရှုမှု များလာပါသည်။

**(ဇ) အခြေခံ အဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ပန်းပဲတန်းကျေးရွာသည် ကြို့ပင်ကောက်မြို့နယ်မှ ကြို့ပင်ကောက်မြို့၏အနောက်ဘက် ရန်ကုန်-ပြည်ကားလမ်းမှ (၇)မိုင်ခန့်အကွာ ကြို့ပင်ကောက်-ဇီးကုန်း ကတ္တရာခင်းထားသော လမ်း ကောက်လမ်းအတိုင်း ဝင်ရောက်လာနိုင်ပါသည်။ ကျေးရွာထိပ်သို့ ရောက်ရှိလာလျှင် ကျေးရွာအတွင်း သို့ ကားဝင်၍မရပါ။ ကျေးရွာထိပ်တွင် ဆောက်လုပ်ရေးဦးစီးဌာနပိုင် လမ်းကောက်လမ်း၏ လမ်းဘေး ရေမြောင်း၊ လမ်းကောက်လမ်းပေါ်ရှိ ပေပင်ခုံတံတားနှင့်ပေပင်ခုံကျေးရွာအတွင်းသို့ ဖြတ်သန်းစီးဆင်း နေသည့်ချောင်း အနီးတွင်ရှိသဖြင့် ကျေးရွာတွင်းသို့ သွားလာရန်ခက်ခဲသောကြောင့် ဒေသခံ ကျေးရွာ သူ/သားများ၏ ထည့်ဝင်လှူဒါန်းငွေအနည်းငယ်ဖြင့် လူကူးသစ်သားတံတားငယ်လေးဖြင့် အသုံးပြု သွားလာနေကြရပြီး ယခုအခါ ၂၀၂၁-၂၀၂၂ခု (၆)လ ဘဏ္ဍာရေးနှစ်တွင် ကားကူး အုတ်ခုံခံ၊ သံယက်မ၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေး ပထမဦးစားပေးစီမံချက်အဖြစ် ပြုလုပ်သွားပါသည်။

ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးရွာတွင် လျှပ်စစ်မီးရရှိခြင်းမရှိသေးဘဲ အသေးစားတစ် အိမ်သုံးဆိုလာများ၊ ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင်များဖြင့် မီးရရှိရေးအတွက် တစ်နိုင်တစ်ပိုင်သုံးစွဲ လျှက်ရှိပြီး ၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက်ဆောင်ရွက်ရန် လျာထားလျှက် ရှိပါသည်။

သတင်းနှင့်ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တု စလောင်းများ အသုံးပြုလျက်ရှိပြီး အင်တာနက်လိုင်းရရှိကာ နေအိမ်တိုင်းတွင် ဖုန်းအသုံး ပြုလျက် ရှိပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ပန်းပဲတန်းကျေးရွာသည် ကြို့ပင်ကောက်မြို့၊ ပြည်မြို့နှင့်ရန်ကုန်မြို့များသို့ ကားလမ်းဖြင့် အလွယ်တကူ ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

လူငယ်ပညာတတ်များရှိပြီးလူဦးရေအားလုံး၏(၇၂%)မှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြ သည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း များကိုလူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်း မွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ရွာသူ/သာများ အနေဖြင့်စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ကြို့ပင်ကောက်ဆေးရုံသို့

သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ သီးနှံစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေသည့်အပြင် မြေအောက်ရေအသုံးပြုနိုင်သောကြောင့် လယ်မြေကေအားလုံးနီးပါးအတွက် စိုက်ပျိုးရေရရှိနိုင်သည်။ ထို့ပြင် စက်ကိရိယာများကို ငှားရမ်းနိုင်သည့်နေရာများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့် ဝက်တို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင် ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ပန်းပဲတန်းကျေးရွာတွင် ရွာသူ/သားများအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်မှ ချေးငွေ ဝန်ဆောင်မှု ရရှိသော်လည်း စိုက်ပျိုးရေးသွင်းအားစုနှင့် လုပ်အားခများအတွက် လုံလောက်မှု မရှိသေးချေ။ စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာများရရှိရန် လိုအပ်နေပါသေးသည်။ သမဝါယမဦးစီးဌာနမှ ချေးငွေများ ရရှိသော်လည်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန်အတွက် ငွေအရင်းအနှီးလုံလောက်မှု မရှိသဖြင့် တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်လုပ်ကိုင်နိုင်သူများ၏ အတတ်ပညာတတ်မြောက်မှုကလည်း အခြေခံအလုပ်များသာ ရရှိစေပြီး ကျွမ်းကျင်စွာ တတ်မြောက်သူ မများလှပေ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာထိပ်တံတား အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေ လိုအပ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

## ၈။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးဝမ်းကြောင်းပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(၄) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(၅) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများရရှိရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၆) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် ကျေးရွာတွင် မူကြိုကလေးထိန်းကျောင်းတစ်ဆောင် ဖွင့်လှစ်နိုင်ရေးနှင့် မူလတန်းကျောင်းမှ အိမ်သာများ ပြုပြင်ပေးခြင်းဖြင့် ကျောင်းနေပျော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပြီး ကလေးငယ်များ၏ ပညာအရည်အချင်း တိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။

(၇) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး
ဆောင်ရွက်မည်။

၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

(က) ကျေးရွာရှိ အဖွဲ့အစည်းများ၊ လူငယ်များအား စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ စီစဉ်ပေးခြင်း။

(ခ) စိုက်ပျိုးရေးဦးစီးဌာနမှ လက်တွေ့အသုံးဝင်မည့် နည်းပညာများ၊ ဈေးကွက်ဆန်းစစ်ခြင်း နှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်များသို့ ချိတ်ဆက်ကူညီပေးခြင်း။

(ဂ) စက်မှုလယ်ယာဦးစီးဌာနမှလုံလောက်သောစက်ကိရိယာများရရှိအောင်ငှားရမ်းပေးခြင်း။

(ဃ) စီးပွားဖြစ်မွေးမြူရေးအတွက် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း။

(င) ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဝင်ငွေတိုးလုပ်ငန်းများအတွက် နည်းပညာသင်တန်းများ စီစဉ်ပေးခြင်း။

(စ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ချေးငွေ ရရှိရန် ဆောင်ရွက်ပေးခြင်း။

(ဆ) ကျေးရွာတွင်း ဘွဲ့ရလူငယ်များအား ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်ခွင့် ရနိုင်ရန် ဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် ကျေးရွာအတွင်း ကျန်းမာရေးလုပ်သားများ မွေးထုတ် ပေးခြင်း။

(ဇ) ကျေးရွာ၏လမ်း၊ တံတားများ ကောင်းမွန် တိုးတက်လာအောင် ဆောင်ရွက်ပေးလိုစေခြင်း။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ပန်းပဲတန်းကျေးရွာ၏ ဦးစားပေး စီမံချက်များ

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အအုံ | | | | | |
| လမ်း | ၁။ ရွာအဝင်ကွန်ကရစ် တံတားဆောင်ရွက်ရန်၊ | ၅၀ | ၁ | -ရွာအဝင်တွင်ကွန်ကရစ် တံတားအဖြစ်အဆင့် မြှင့်တင်ဆောင်ရွက်ရန်၊ | |
| လမ်း | ၂။ ပန်းပဲတန်းကျေးရွာ တွင်းလမ်းအားဂဝံလမ်း အဖြစ်ဆောင်ရွက်ရန်၊ | ၂၅ | ၅ | -ကျေးရွာတွင်းမြေသား လမ်းအား ဂဝံလမ်းအဖြစ်အ ဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ | |
| မီးလင်းရေး | ၃။ ကျေးရွာလျှပ်စစ်မီးရရှိ ရေးဆောင်ရွက်ရန်၊ | ၃၈ | ၃ | -ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ အိမ်ခြေအားလုံးမီးရရှိရေး အတွက်ငွေကြေးအချိန်ယူ ကောက်ခံပြီး EPC နှင့် ညှိနှိုင်း ဆောင်ရွက်ရန် | |
| ကျန်းမာရေး | | | | | |
| ရေ | ၄။ တွင်းနက်သောက်သုံး | ၂၇ | ၄ | - ကျေးလက်ဦးစီးဌာနနှင့် | |

| | | | | | |
|---|---|---|---|---|---|
| | ရေရရှိအောင်ဆောင်ရွက်ခြင်း၊ | | | ချိတ်ဆက်၍တွင်းနက်(၄၀၀’) ရရှိအောင်ဆောင်ရွက်ရန်၊ | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ | | | | | |
| စီမံကိန်း | ၅။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးဆောင်ရွက်ရန် | ၄၃ | ၂ | – ကျေးလက်ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသောအတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေး၍ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး တင်ပြဆောင်ရွက်ရန်၊ | |

**အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်ကွန်ကရစ်တံတားဆောင်ရွက်ရန်၊ | ၁ | Ï | | | | |
| ၂ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးဆောင်ရွက်ရန် | ၂ | | Ï | | | |
| ၃ | ကျေးရွာလျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန်၊ | ၃ | | | Ï | | |
| ၄ | တွင်းနက်သောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | | Ï | |
| ၅ | ပန်းပဲတန်းကျေးရွာ တွင်းလမ်းအားဂဝံလမ်း အဖြစ်ဆောင်ရွက်ရန်၊ | ၅ | | | | | Ï |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၄ | ၅ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၃ | ၉ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆ | ၅ | ၁၁ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅ | ၄ | ၉ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃ | ၆၄ | ၁၂၇ | ၁ | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၈ | ၂၀ | - | - |
| စုစုပေါင်း | | ၉၃ | ၈၈ | ၁၈၁ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၈ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက် (၆၅)နှစ် နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။**။ ကျေးရွာရှိ အိမ်ထောင်စု(၄၈)စုတွင်အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်များနေပြီး မသန်စွမ်းဦးရေမှာ နည်းပါးကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၁ | ၁၅ | ၁ | ၂၁ | - | - | မြင့် ☐ လတ် ■ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၁ | - | ၂ | ၉ | ၄ | ၃၀ | မြင့် ☐ လတ် ■ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| ၆ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၆၅ | ၅ | ၃၀ | ၁၅ | - | မြင့် ☐ လတ် ■ နိမ့် ☐ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | ၁ | - | - | ၁ | - | - | မြင့် ☐ လတ် ■ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၁ | - | - | - | ၁ | - | မြင့် ☐ လတ် ■ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် ■ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ် □ နိမ့် □ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | | | | | | | မြင့် □ လတ် □ နိမ့် □ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | - | - | ၁ | - | - | မြင့် ■ လတ် □ နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | – | – | – | – | – | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** ... **(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း** ကောက်ယူခြင်းမပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင် ရပ်တည်နိုင်မှု**“မြင့်”**ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ပိုးသတ်ဆေးများမှာ ဈေးနှုန်းမြင့်မားနေပြီး အထွက်နှုန်းမကောင်းသောကြောင့် အဆင်ပြေမှုမရှိပါ။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝရင်း မြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
